ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ SSE/ NM / ၁၉ / ၂၀၂၃
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ (၁)စွမ်းအင်ဝန်ကြီးဌာန၏ (၁၉.၆.၂၀၂၃) ရက်စွဲပါ စာအမှတ်၊ MOE-၁/၂ (လုံခြုံရေး)(၄၀၃၂)/၂၀၂၃
(၂) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၂၂.၆.၂၀၂၃) ရက်စွဲပါ စာအမှတ်၊ ပဆ-၂/ရက(DMA) Notice (၆/၁၆၀)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P) သည် ရွှေစီမံကိန်း ကမ်းလွန်လုပ်ကွက် အမှတ် (A-1 & A-3) ဧရိယာတွင် Environmental Monitoring Seawater Sampling Survey လုပ်ငန်းများကို M.V JENNY (Call Sign: PNRZ) ဖြင့် (၁၄.၇.၂၀၂၃) ရက်နေ့မှ (၃၁.၈.၂၀၂၃) ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ Environmental Monitoring Seawater Sampling Survey လုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 19° 45′ 19.02″ N | 092° 26′ 53.64″ E |
| B | 19° 45′ 21.39″ N | 092° 46′ 50.68″ E |
| C | 19° 13′ 38.79″ N | 092° 27′ 54.87″ E |
| D | 19° 13′ 50.55″ N | 092° 47′ 34.83″ E |

၃။ သို့ဖြစ်ပါ၍ (၁၄.၇.၂၀၂၃) ရက်နေ့မှ (၃၁.၈.၂၀၂၃) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ ဧရိယာအကျယ်အဝန်း

များမှ (၄) ကီလိုမီတာပတ်လည်အတွင်း  သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)